ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

**ကွန်ပျူတာတက္ကသိုလ်(မြိတ်)**

စာအမှတ်၊ ကပတ(မြိတ်)/စီမံ/၂၀၂၃(၀၆၃၃)

ရက်စွဲ၊ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်

**"နည်းပြ/သရုပ်ပြ၊ စီမံရာထူးများအတွက် လျှောက်လွှာခေါ်ယူခြင်း"**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် အောက်ဖော်ပြပါရာထူးများ လစ်လပ်လျက်ရှိပါသဖြင့် လျှောက်ထားလိုသူများသည် လျှောက်လွှာကို ကွန်ပျူတာတက္ကသိုလ်(မြိတ်)၊ စီမံရေးရာဌာနတွင် အခမဲ့ရယူ၍ တိုက်ရိုက်တင်သွင်း လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်အပ်မည့်ရာထူး/ လစာနှုန်း | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| ၁ | နည်းပြ/သရုပ်ပြ(Maths) (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | မဟာဘွဲ့ရရှိပြီးသူ(သို့မဟုတ်) မဟာတန်း တက်ရောက်ရန် အရည်အချင်းပြည့်မီသူဖြစ်ရမည်။ | (၁)ဦး |
| ၂ | အငယ်တန်းစာရေး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ | (၁)ဦး |
| ၃ | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ဖြစ်ရမည်။ | (၁)ဦး |
| ၄ | သန့်ရှင်းရေးအကူ/လုပ်သား/ အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | အခြေခံပညာမူလတန်းအဆင့်ရှိသူ ဖြစ်ရမည်။ | သန့်ရှင်းရေးအကူ (၂)ဦး<br>လုပ်သား (၁)ဦး<br>အစောင့် (၁)ဦး |

၂။ လျှောက်ထားသူသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) နည်းပြ/သရုပ်ပြရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အငယ်တန်းစာရေး/ ရုံးအကူ/ သန့်ရှင်းရေး(အကူ)/ လုပ်သား/ အစောင့် ရာထူးနေရာများတွင် လျှောက်ထားသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းအဖြစ်ခန့်ထားခြင်းခံရပါက အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် အနည်းဆုံးလုပ်သက်(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(စ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို ကွန်ပျူတာတက္ကသိုလ်(မြိတ်)၊ စီမံရေးရာဌာနတွင် အခမဲ့ရယူနိုင်ပြီး (၁၉-၁-၂၀၂၄)ရက်နေ့ (သောကြာနေ့)အရောက် နောက်ဆုံးထားပြီး တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်။

၄။ လျှောက်ထားသူသည် ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့်အတူ မိမိတာဝန်ထမ်းဆောင်သော သက်ဆိုင်ရာဝန်ကြီးဌာနခွင့်ပြုချက်(မူရင်း)တစ်ပါတည်းပူးတွဲ၍ မိမိတာဝန်ထမ်းဆောင်သည့် ဝန်ကြီးဌာနမှတစ်ဆင့် ဝန်ကြီးရုံး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)သို့ လိပ်မူ၍ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနသို့ မိတ္တူဖြင့် (၁၉-၁-၂၀၂၄) ရက်နေ့အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်(သို့မဟုတ်)ယာယီဘွဲ့ထောက်ခံစာ(မိတ္တူ)နှင့် အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ)၊ ပညာအရည်အချင်းထောက်ခံချက်(မိတ္တူ)

(ခ) (၆)လအတွင်းရိုက်ထားသောပတ်စပို့ဓာတ်ပုံ(၃)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)

(ဃ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီ ရက်သတ္တပတ်(၂)ပတ်အတွင်း စစ်ဆေးထားသည့် ဆေးထောက်ခံစာ(မူရင်း)

(င) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ) (မူရင်းအား လျှောက်လွှာတင်ပြသည့်နေ့တွင် ယူဆောင်လာရမည်)။

(စ) လျှောက်လွှာမတင်မီ ရက်သတ္တပတ်(၂)ပတ်အတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်(မူရင်း)နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်(မူရင်း) ကို ပူးတွဲတင်ပြရမည်။

(ဆ) လူတွေ့စစ်ဆေးခံယူမည့် အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် လိုအပ်သော အထောက်အထား(မူရင်း)များ တစ်ပါးတည်းယူဆောင်လာရန်ဖြစ်ပါသည်။

၆။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့သော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများကို (လုံး၀) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် နည်းပြရာထူးနှင့် အငယ်တန်းစာရေးရာထူးနေရာများအတွက် လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲနှင့် လူတွေ့စာမေးပွဲဖြေဆိုရမည်။

၈။ ရုံးအကူ/သန့်ရှင်းရေးအကူ/လုပ်သား/အစောင့်ရာထူးနေရာများအတွက် လျှောက်ထားသူများသည် လူတွေ့စစ်ဆေးခံယူရမည်။

၉။ ရေးဖြေနှင့်လူတွေ့စာမေးပွဲဖြေဆိုခွင့်ရရှိသူများအမည်စာရင်းအား ကြိုတင်ကြေညာပေးသွားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၂-၁-၂၀၂၄)ရက်နေ့နှင့် (၂၃-၁-၂၀၂၄)ရက်နေ့များတွင် ရုံးချိန်အတွင်း စီမံရေးရာဌာနမှ ထုတ်ပေးမည်ဖြစ်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အတူ ကာယကံရှင်ကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်သည်။

၁၀။ ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖြေဆိုရမည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ်(ရေးဖြေ) | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | (၂၄-၁-၂၀၂၄)ရက်နေ့၊ နံနက်(၈:၀၀)နာရီမှ (၁၀:၀၀)နာရီထိ |
| (ခ) | အင်္ဂလိပ်စာ | (၂၄-၁-၂၀၂၄)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီမှ (၁၂:၀၀)နာရီထိ |
| (ဂ) | အထွေထွေဗဟုသုတ | (၂၄-၁-၂၀၂၄)ရက်နေ့၊ နေ့လယ်(၁:၀၀)နာရီမှ (၃:၀၀)နာရီထိ |

၁၁။ လူတွေ့စာမေးပွဲများကို ကွန်ပျူတာတက္ကသိုလ်(မြိတ်)တွင် (၂၅-၁-၂၀၂၄)ရက်နေ့၌ ကျင်းပမည်ဖြစ်ပါသည်။

၁၂။ အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မြိတ်)၊ စီမံရေးရာဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၉၈၇၆၂၇၇၈၊ ၀၉၄၄၁၅၇၈၃၅၃)သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဒေါက်တာသန္တာဝင်း
ဒုတိယပါမောက္ခချုပ်
ကွန်ပျူတာတက္ကသိုလ်(မြိတ်)

ဖြန့်ဝေခြင်း

-ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နေပြည်တော်။

-ပါမောက္ခချုပ်/ဒုတိယပါမောက္ခချုပ် (နည်းပညာတက္ကသိုလ်/ကွန်ပျူတာတက္ကသိုလ်များအားလုံး)။

-ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊မြိတ်မြို့။

-ဌာနမှူးများအားလုံး၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)။

-ကြော်ငြာသင်ပုန်း၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)။

-ရုံးလက်ခံ။